# ပြည်ထဲရေး

သတင်းလွှာ

အတွဲ (၁၉)၊ အမှတ် (၇) ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁) ရက်


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ သာရကဘာလာဆူရီရာ(Mr. Tharaka Balasuriya) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၁၁-၆-၂၀၂၄ ရက်နေ့၊ ၁၀၀၀ အချိန်တွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် အောင်နိုင်သူ တို့မှလည်းကောင်း၊ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ စီစီရာဆန်နီဗီရာသီ (Mr. SisiraSenevirathne) နှင့် သံရုံးတာဝန်ရှိသူတို့မှလည်းကောင်း ပါဝင်တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နှင့် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာသာရကဘာလာဆူရီရာ (Mr. TharakaBalasuriya)တို့သည် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် မြန်မာနိုင်ငံရှိ သီရိလင်္ကာနိုင်ငံသားများအား ကူညီကာကွယ်ပေးရေး ဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

**သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုဗဟိုကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီ အစည်းအဝေး(၁/၂၀၂၄) ကျင်းပပြုလုပ်**

စာ(၂)သို့

**မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကင်းလှည့်ရေယာဉ် ၆ စီး လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပပြုလုပ်**

စာ(၃)သို့

**ပြည်ထောင်စုနယ်မြေ နေပြည်တော်မီးသတ်ဦးစီးမှူးရုံးတွင် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ ဆန္ဒဖော်ထုတ်ဆွေးနွေးပွဲ(ဒါဘ)(၆/၂၀၂၄)ကျင်းပပြုလုပ်**

စာ(၁၀)သို့

## သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုဗဟိုကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီ အစည်းအဝေး(၁/၂၀၂၄) ကျင်းပပြုလုပ်



သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှု ဗဟိုကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီများအစည်းအဝေး(၁/၂၀၂၄) ကို ၁၂-၆-၂၀၂၄ ရက်နေ့၊ ၁၄း၀၀ အချိန် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုဗဟိုကော်မတီဥက္ကဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်၍ အဖွဲ့ဝင်များဖြစ်သော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်သန်းသန်းလင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦးနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီဥက္ကဌနှင့် အတွင်းရေးမှူးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီဥက္ကဌနှင့် အတွင်းရေးမှူးများက **Online** စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေး၌ သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှု ဗဟိုကော်မတီဥက္ကဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ **(Financial Action Task Force-FATF)** က မြန်မာနိုင်ငံအား တိုးတက်ဆောင်ရွက်မှုကိုစောင့်ကြည့်မည့် နိုင်ငံနှင့်ဒေသများစာရင်းတွင် ထည့်သွင်းခဲ့ပြီး အကြံပြုချက်(၈)ချက်နှင့် ဆောင်ရွက်မည့်အစီအမံ(၁၅)ချက် ထုတ်ပြန်ခဲ့ရာ လက်ငင်းရလဒ် **(Immediate Outcome 8.2)** ၌ နိုင်ငံ့ဘဏ္ဍာသိမ်းပြီးချိန်ထိ သိမ်းဆည်းထားသောပစ္စည်းများ၏ တန်ဖိုးကို ထိန်းသိမ်းနိုင်ရေးအတွက် သက်သေခံပစ္စည်းများ စီမံခန့်ခွဲမှုစနစ်တစ်ရပ် ထူထောင်ထားရှိရန်နှင့် လိုအပ်သောအရင်းအမြစ်များချထားပေးရန်ပါရှိကြောင်း၊ လက်ငင်းရလဒ် ၈.၂ နှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှု ဗဟိုကော်မတီ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်အဆင့်ကော်မတီများကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင်စတင်ဖွဲ့စည်းကာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကော်မတီအဆင့်ဆင့်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂၄၁/၂၀၂၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီများအနေဖြင့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို တရားစွဲမတင်မီ၊ တရားစွဲတင်ပြီး တရားရုံးစစ်ဆေးဆဲကာလနှင့် တရားရုံးက နိုင်ငံ့ဘဏ္ဍာသိမ်းပြီး စီမံခန့်ခွဲမှုမပြုမီ ထိန်းသိမ်းထားသည့်ကာလများအတွင်း ပျက်စီး/ပျောက်ဆုံးခြင်း၊ တန်ဖိုးလျော့ကျခြင်း မရှိစေရေးအတွက် သက်သေခံပစ္စည်းထိန်းသိမ်းရေးဆိုင်ရာ ညွှန်ကြားချက် ၄/၂၀၂၀ နှင့်အညီ စနစ်တကျ စီမံထိန်းသိမ်းရန်လိုအပ်ကြောင်း၊ တရားရုံးကနိုင်ငံ့ဘဏ္ဍာသိမ်းဆည်းရန် အမိန့်ချမှတ်ပြီးပါကလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၇ နှင့်အညီ စီမံခန့်ခွဲနိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ကော်မတီအဆင့်ဆင့်အနေဖြင့် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းမှုအခြေအနေများကို ဗဟိုကော်မတီသို့လည်း ပေးပို့တင်ပြရန် မှာကြားပါသည်။

ထို့နောက် တက်ရောက်လာသော ဗဟိုကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ကော်မတီဥက္ကဌများက သက်သေခံပစ္စည်း စီမံထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗဟိုကော်မတီဥက္ကဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပါသည်။

ဆက်လက်၍ သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှု ဗဟိုကော်မတီဥက္ကဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြစ်မှုတစ်ရပ်ရပ်ဖြင့် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို တရားရုံးက နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းပါက နိုင်ငံတော်၌ ထိခိုက်နစ်နာမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့်သူအား ပြန်ပေးသည့်အခါတွင်လည်း နစ်နာမှုမရှိစေရန်အတွက် ထိန်းသိမ်းထားသည့်ကာလအတွင်း တန်ဖိုးလျော့ကျပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကင်းလှည့်ရေယာဉ် ၆ စီး လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပပြုလုပ်



ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အကူအညီပေးအပ်သည့် ကင်းလှည့်ရေယာဉ် ၆ စီး လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ၁၁-၆-၂၀၂၄ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ အမှတ်(၃)ရေကြောင်းရဲ ကွပ်ကဲမှုအဖွဲ့မှူးရုံး(ဝါးတန်း)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး **H.E Mr.Chen Hai**၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး **H.E Mr. Chen Hai** တို့ဦးဆောင်၍ အခမ်းအနားတက်ရောက်လာကြသူများသည် လမ်းမတော်မြို့နယ်၊ ကျန်းမာရေးဆိပ်ခံ တံတား၌ ဆိုက်ကပ်ထားရှိသော ကင်းလှည့်ရေယာဉ် နှစ်စီးပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ရေယာဉ်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြပါသည်။

ဆက်လက်၍ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ပြုလုပ်ခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က ကျေးဇူးတင်စကားပြောကြား၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး **H.E Mr. Chen Hai** က အမှာစကားပြောကြားခဲ့ပါသည်။ ယင်းနောက် လွှဲပြောင်း/လက်ခံခြင်း စာလွှာများကို လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ခဲ့ကြပါသည်။

တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးနှင့် အိမ်နီးချင်းကောင်းဆက်ဆံရေးတို့အပေါ် အခြေပြု၍ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ အားကောင်းစေရေး အတွက်လည်းကောင်း ၂၈ မီတာ ကင်းလှည့်ရေယာဉ် ၂ စီးနှင့် ၄၈ မီတာ ကင်းလှည့် ရေယာဉ် ၄ စီးတို့ကို အကူအညီပေးအပ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

## အင်းစိန်မြို့နယ်ဒေသန္တရကျန်းမာရေးအဖွဲ့မှ အင်းစိန်ဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသူ၊ အချုပ်သူများ၏ ရင်သွေးငယ်များအား ကာကွယ်ဆေးများ လာရောက်ထိုးနှံပေးခဲ့



အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ဒေသန္တရကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အင်းစိန်မြို့နယ် ဒေသန္တရကျန်းမာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်ခင်ခင်ဝင်း၊ ကျန်းမာရေးကြီးကြပ်-၂ ဒေါ်ခိုင်ဇာသင်း၊ အမျိုးသမီးကျန်းမာရေးမှူး ဒေါ်အေးအေးသွယ်နှင့် သားဖွားသူနာပြုဆရာမ ဒေါ်ဝါဝါထွန်းတို့ ပါဝင်သောအဖွဲ့သည် ၂၃-၅-၂၀၂၄ ရက်နေ့၌ အင်းစိန်ဗဟိုအကျဉ်းထောင်သို့လာရောက်၍ ၁၁၃၀ အချိန်မှ ၁၂၃၀ အချိန်အထိ ကလေးမိခင်အကျဉ်းသူ/အချုပ်သူများ၏ ၂ နှစ်အောက် ရင်သွေးငယ် ၂၈ ဦးအား **(BCG , Penta , OPV , PCV , IPV , MSL-2 , JE/MSL , Penta4 )** စသည့် ကာကွယ်ဆေးများထိုးပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျိုင်းတုံအကျဉ်းထောင်သို့ သွားနှင့်ခံတွင်းအထူးကုဆရာဝန်နှင့်အဖွဲ့မှ လာရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးခဲ့

ရှမ်းပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ကျိုင်းတုံအကျဉ်းထောင်သို့ ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန် (သွားနှင့်ခံတွင်း) ဒေါက်တာ စိုင်းဝန်းပန်းဆိုင် ဦးဆောင်သောအဖွဲ့ဝင် ၈ ဦး တို့သည် ၂၉-၅-၂၀၂၄ ရက်နေ့တွင် အကျဉ်းထောင်သို့ ရောက်ရှိလာခဲ့ပြီး အကျဉ်းထောင်ဆရာဝန် ဒေါက်တာ စိုင်းဆုမ်ဝုန်းနှင့် အကျဉ်းထောင်သူနာပြု ၂ ဦးတို့မှ ကူညီဆောင်ရွက်ပေးခဲ့ကာ အကျဉ်းသား ၁၉၀ ဦး၊ အကျဉ်းသူ ၅၆ ဦး၊ အချုပ်သား ၁ ဦး၊ စုစုပေါင်း ၂၄၇ ဦး တို့အား သွားနှင့်ခံတွင်းဆိုင်ရာရောဂါများကို စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်တန်း(Grade-12) စာမေးပွဲဖြေဆိုသူ အကျဉ်းသား/သူ ၂၄ ဦးအနက် အကျဉ်းသား/သူ ၂၃ ဦး စာမေးပွဲအောင်မြင်



အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးတွင် ပညာတစ်ပိုင်းတစ်စဖြင့် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား/သူများ စာပေပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အကျဉ်းထောင် ၂ ခု၌ တက္ကသိုလ်ဝင်တန်း (Grade-12)စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၇ ဦးအား အမှတ်(၁၃)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင်လည်းကောင်း၊ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၅ ဦး၊ အကျဉ်းသူ ၂ ဦး၊ ပေါင်း ၁၇ ဦးတို့အား အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင်လည်းကောင်း၊ စုစုပေါင်း ၂၄ ဦးဝင်ရောက်ဖြေဆိုခဲ့ကြရာ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၇ ဦးနှင့် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၄ ဦး၊ အကျဉ်းသူ ၂ ဦး၊ စုစုပေါင်း ၂၃ ဦးဖြေဆိုအောင်မြင်ခဲ့ကာ အကျဉ်းသား ၁ ဦး ကျရှုံးခဲ့ပါသည်။

စာမေးပွဲအောင်မြင်သူများအနက် အင်းစိန်ဗဟိုအကျဉ်းထောင်မှ လေးဘာသာဂုဏ်ထူးရှင် ၁ ဦး (ဝိဇ္ဇာဘာသာတွဲ၊ တစ်နိုင်ငံလုံးတတိယအမှတ်အများဆုံး)၊ သုံးဘာသာဂုဏ်ထူးရှင် ၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂ ဦးဖြစ်ပြီး မန္တလေးဗဟိုအကျဉ်းထောင်မှ တစ်ဘာသာဂုဏ်ထူးရှင် ၃ ဦး၊ ရိုးရိုးအောင်မြင်သူ ၁၃ ဦးတို့ဖြစ်ကြောင်း သတင်းရရှိပါသည်။

# မြစ်ကြီးနားအကျဉ်းထောင်၌ ပထမအကြိမ် အပတ်စဉ်တရားပွဲ ကျင်းပပြုလုပ်ခဲ့

အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် အကျဉ်းသား/သူ၊ အချုပ်သား/သူများအား စိတ်ပိုင်းဆိုင်ရာ နူးညံ့သိမ်မွေ့လာစေရေးအတွက် ဘာသာရေးနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကချင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြစ်ကြီးနားအကျဉ်းထောင်၌ ၁၉-၅-၂၀၂၄ ရက်နေ့ ၀၈၀၀ အချိန်တွင် ပထမအကြိမ်တရားပွဲအား ကချင်ပြည်နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကေတုမာလာ (အဂ္ဂမဟာပဏ္ဍိတ)(ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်)၏ လမ်းညွှန်ချက်အရ ဆရာတော် ဦးသီလာနန္ဒမှ ကြွရောက်၍ အမျိုးသားဓမ္မာရုံတွင် အကျဉ်းထောင် အရာထမ်း/အမှုထမ်းများနှင့် အကျဉ်းသား/ အချုပ်သားများ စုစုပေါင်းအင်အား ၁၃၀ ဦးတို့အား လည်းကောင်း၊ ဆရာတော်ဦးနန္ဒိမာ မှ အမျိုးသမီးတိုးချဲ့ဆောင်တွင် အကျဉ်းထောင် အမျိုးသမီးအမှုထမ်းများနှင့် အကျဉ်းသူ/အချုပ်သူစုစုပေါင်းအင်အား ၈၀ ဦးတို့အား လည်းကောင်း ငါးပါးသီလချီးမြှင့်ခြင်းနှင့်“ရခဲလှသည့်လူ့ဘဝတိုတိုလေးမှာ(ဒုလ္လဘငါးမျိုး) ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကို စွမ်းနိုင်သမျှပြုလုပ်ရန်” ပညာပေး တရားဒေသနာတော်အား ဟောကြားချီးမြှင့်ပေးခဲ့ကြပါသည်။ ဆက်လက်၍ အကျဉ်းထောင်ဝန်ထမ်းများနှင့် အကျဉ်းသား/သူများမှ လှူဖွယ်ဝတ္ထုများ၊ နဝကမ္မ



အလှူတော်ငွေများနှင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

# သာယာဝတီဗဟိုအကျဉ်းထောင်တွင် သန့်ရှင်းသောသောက်သုံးရေများ ရရှိသုံးစွဲနိုင်ရေးအတွက် ရေသန့်စက်များ ထပ်မံတပ်ဆင်ပေးခဲ့





အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဦးဆောင်မှုဖြင့် စေတနာရှင်၊ အလှူရှင်များပူးပေါင်း၍ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ထိန်းသိမ်းထားရှိသော အကျဉ်းသား/သူ၊ အချုပ်သား/သူများအား သန့်ရှင်းသော သောက်သုံးရေရရှိသုံးစွဲနိုင်ရေးအတွက် အကျဉ်းထောင်/အချုပ်ထောင်/စခန်းများ၌ ရေသန့်စက်များတပ်ဆင်ပေးလျက်ရှိပါသည်။

သာယာဝတီဗဟိုအကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိသော အကျဉ်းသား/သူ၊ အချုပ်သား/သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲနိုင်ရေးအတွက် ရေသန့်စက်အား အကျဉ်းထောင်အတွင်းတပ်ဆင်ပေးထားခဲ့ပြီးဖြစ်ပါသည်။ အလားတူ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းနှင့်မိသားစုဝင်များအတွက် ၈-၄-၂၀၂၄ ရက်နေ့တွင် ရေသန့်စက်ထားရှိမည့် အဆောက်အဦဆောက်လုပ်၍ ရေသန့်စက်ရုံတွင် ရေသန့်စက်ပစ္စည်းများအား ၁၁-၅-၂၀၂၄ ရက်နေ့တွင်အပြီးတပ်ဆင်ခဲ့ပြီး ရေသန့်များအား လီတာ ၁၀၀၀ ဆံ့ရေသန့် သိုလှောင်တိုင်ကီအတွင်း သိုလှောင်ထားရှိပြီး သန့်ရှင်းသော သောက်ရေသန့်များကို ဝန်ထမ်းနှင့်မိသားစုဝင်များအား လုံလောက်စွာ သောက်သုံးနိုင်ရန်အတွက် နေ့စဉ်ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

## မိုးညှင်းဗဟိုအကျဉ်းထောင်သို့ ART ကုသရေးအဖွဲ့နှင့် ကမ္ဘာ့ဆရာဝန်များ အဖွဲ့တို့ပူးပေါင်း၍ HIV ၊ TB ရောဂါခံစားနေရသူ အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့



အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ဒေသန္တရကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကချင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မိုးညှင်းဗဟိုအကျဉ်းထောင်သို့ ၂၃-၅-၂၀၂၄ ရက်နေ့တွင် မိုးညှင်းခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဒေါ်နန္ဒာလှိုင် (အထက်တန်းသူနာပြု) ဦးဆောင်သော ART ကုသရေးအဖွဲ့နှင့် ကမ္ဘာ့ဆရာဝန်များအဖွဲ့(ဟိုပင်)မှ ဒေါ်ဥမ္မာမြင့်(Nurse MDM Hopin )တို့မှ HIV၊ TB ရောဂါခံစားနေရသော အကျဉ်းသား ၅၂ ဦး၊ အကျဉ်းသူ ၁၈ ဦး၊ စုစုပေါင်း ၇၀ ဦးတို့အား သွေးစစ်ဆေးပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## သံဃာတော် (၁၀၂၇၂) ပါး အား လှူဒါန်း

၂၂-၅-၂၀၂၄ ရက်နေ့(ကဆုန်လပြည့်နေ့)တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးသော်ဝင်းထွန်း ဦးဆောင်သော ဝန်ထမ်းများသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်သည့် တပ်ရင်း၊ တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ စေတနာရှင်/အလှူရှင် ပြည်သူများနှင့်အတူ မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် (၁၀၂၇၂)ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားတွင် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်




၃၀-၅-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးသော်ဝင်းထွန်း၏လမ်းညွှန်မှုဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားမည့်ဝန်ထမ်းများ၏ သား/သမီး (၅၁)ဦးတို့ကို ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်

**ရန်ကုန်တိုင်းဒေသကြီး**

၂၈-၅-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်မျိုး၏လမ်းညွှန်မှုဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားနေကြသော ဝန်ထမ်းများ၏ သား/သမီးများဖြစ်ကြသည့် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား/သူ စုစုပေါင်း(၄၉)ဦးအတွက် ဗလာစာအုပ်(၄၉)ဒါဇင်နှင့် ပညာသင်ထောက်ပံ့ကြေးငွေ စုစုပေါင်းငွေကျပ် ၃,၅၄၀,၀၀၀/- (ကျပ်သုံးဆယ့်ငါးသိန်းလေးသောင်းတိတိ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။






**ရှမ်းပြည်နယ်**

၇-၆-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးယဉ်ကျော့မိုး၏ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်စည်းရုံးရေးကော်မတီမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ခြင်းအတွက် ဝန်ထမ်းသားသမီး (၅၁) ဦးတို့အား ပညာသင်စရိတ်ငွေ ၄၅၀,၀၀၀/-(ကျပ်လေးသိန်းငါးသောင်းတိတိ) ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူ



၂၃-၅-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်မင်းဦး၏လမ်းညွှန်မှုဖြင့် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော် ဦးဆောင်သည့် စည်းရုံးရေးကော်မတီအဖွဲ့ဝင်များသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လောကမာရ်အောင် ဆုတောင်းပြည့်စေတီတော်၌ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၏ ဦးဆောင်ပံ့ပိုးမှု၊ ဌာန/အဖွဲ့အစည်း၊ စေတနာရှင်/ အလှူရှင်များ၏ စုပေါင်းကောင်းမှုဖြင့် ကျင်းပပြုလုပ်သည့် (တတိယအကြိမ်) အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားအပြီးတွင် ဘုရားအမှူးရှိသော သံဃာတော်(၅၄)ပါးတို့အား စုစုပေါင်း ၁၂၀,၀၀၀/-(ကျပ် တစ်သိန်းနှစ်သောင်း တိတိ)တန်ဖိုးရှိ ခေါက်ဆွဲခြောက်နှင့် ဆပ်ပြာခဲများ လောင်းလှူခဲ့ကြောင်း သတင်းရရှိ ပါသည်။

## ဝန်ထမ်းများ သက်သာချောင်ချိစေရန်ထောက်ပံ့




၁၀-၅-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်းမှ ဝန်ထမ်းများ သက်သာ ချောင်ချိစေရန်ရည်ရွယ်၍ ဝန်ထမ်း (၃၁)ဦးအား တစ်ဦးလျှင် ကျသင့်ငွေ ၁၂,၅၀၀/- တန်ဖိုးရှိ ဆန်(၃)ပြည်နှင့် ငွေ ၅,၀၀၀/-နှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေ ၅၄၂,၅၀၀/-၊ ရုံးဝန်ထမ်း(၁၁)တို့အား တစ်ဦးလျှင် ထောက်ပံ့ငွေ ၁၀,၀၀၀/-နှုန်းဖြင့် ငွေကျပ် ၁၁၀,၀၀၀/-၊ စုစုပေါင်းတန်ဖိုးငွေ ၆၅၂,၅၀၀/-(ကျပ်ခြောက်သိန်းငါးသောင်းနှစ်ထောင့် ငါးရာတိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဆွမ်းဆန်နှင့် နဝကမ္မအလှူငွေများ လှူဒါန်း



၁၂-၅-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်း ဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးသော်ဝင်းထွန်း၏လမ်းညွှန်မှုဖြင့် မန္တလေးတိုင်း ဒေသကြီးရုံးမှ ဝန်ထမ်းများသည် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅၀,၀၀၀/- (ကျပ်တစ်သိန်းငါးသောင်းတိတိ)ရှိ ဆွမ်းဆန်နှင့် နဝကမ္မအလှူငွေများအား ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျိုက်သုတ်စေတီတော်၌ စုပေါင်းညောင်ရေသွန်းလောင်းမှုပြုလုပ်

၂၂-၅-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်း၏လမ်းညွှန်မှုဖြင့် ဒုတိယညွှန်ကြားရေးမှူး၏ဇနီး ဒေါ်ခင်ခင်အေး ဦးဆောင်သည့် ဝန်ထမ်းနှင့်မိသားစုဝင်များသည် မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ ဗဟိုလမ်းရှိ ကျိုက်သုတ်စေတီတော်၌ စုပေါင်းညောင်ရေ သွန်းလောင်းမှု ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## သံဃာတော်နှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူ

၂၂-၅-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး ညွှန်ကြားရေးမှူးဦးမျိုးဇော်ဝင်းနှင့် ဇနီး ဒေါ်ခင်မျိုးအေးတို့ ဦးဆောင်သည့် ဝန်ထမ်းနှင့် မိသားစုဝင်များသည် မော်လမြိုင်မြို့၊ တောင်ပေါ်တန်းရှိ မဟာမြတ်မုနိစေတီတော် မြတ်ကြီး၌ သံဃာတော်များနှင့် သီလရှင်များ စုစုပေါင်း(၃၁၅)ပါးအား ဆွမ်းဆန်စိမ်း လောင်းလှူရာတွင် စုစုပေါင်းတန်ဖိုးငွေ ၁၄၀,၈၀၀/-(ကျပ် တစ်သိန်းလေးသောင်းရှစ်ရာ တိတိ)ရှိ ခေါက်ဆွဲခြောက်များ လောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။




## ဆီဆွမ်းနှင့် ဝတ္ထုငွေလောင်းလှူ

၂၂-၅-၂၀၂၄ ရက်နေ့(ကဆုန်လပြည့်နေ့)တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ပဲခူးမြို့၊ ရှေးဟောင်းသမိုင်းဝင် ကျိုက်ပညာယျစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ဆီဆွမ်းနှင့် ဝတ္ထုငွေလောင်းလှူပွဲ ကျင်းပပြုလုပ်ခဲ့ရာ အထူး စုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးညိုဝင်း၏လမ်းညွှန်မှုဖြင့် မိသားစုစည်းကမ်းထိန်းသိမ်းရေးနှင့် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဝါဝါလွင်၊ စည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးလှိုင်နှင့်ဇနီး ဒေါ်နန်းခမ်းပုံ၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များက သံဃာတော်အပါး(၁၀၀၀)နှင့် သီလရှင်အပါး (၁၀၀)တို့အား ဝတ္ထုငွေ ၁,၁၁၁,၀၀၀/-နှင့် ဆီ တန်ဖိုးငွေ ၃၃၀,၀၀၀/-၊ စုစုပေါင်းတန်ဖိုးငွေ ၁,၄၄၁,၀၀၀/- (ကျပ်တစ်ဆယ့်လေးသိန်းလေးသောင်းတစ်ထောင်တိတိ) လောင်းလှူ ခဲ့ကြောင်း သတင်းရရှိပါသည်။



## ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော်ပြုလုပ်



၂၂-၅-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသက်စိုး၏ ဦးဆောင်မှုဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ဘားအံမြို့၊ ရွှေယဉ်မျှော်ဘုရား၊ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတွင် ညောင်ရေသွန်းခြင်းနှင့် သံဃာတော်၊ သီလရှင် (၂၃၈၃)ပါးတို့အား ပဲဆွမ်းလောင်းလှူခြင်း၊ ကုသိုလ်ပြုအဖြစ် ဘားအံမြို့၊ မြို့မဘောလုံးကွင်း၌ ကျင်းပသော စတုဒိသာလှူဒါန်းပွဲ၌ စတုဒိသာ (ကောက်ညှင်းရွှေကြည်၊ ဆန္ဒမ်းမကင်း) မုန့်ဘူးများ ကျွေးမွေးလှူဒါန်းခြင်းတို့အား စုစုပေါင်းတန်ဖိုးငွေ ကျပ် ၆၅၃,၀၀၀/- (ကျပ် ခြောက်သိန်းငါးသောင်းသုံးထောင် တိတိ)ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။


## ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများလှူဒါန်း



၁-၆-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံးစည်းရုံးရေးကော်မတီ၏ စီစဉ်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော သံဃာအပါး(၃၀၀) ဆွမ်းလောင်းလှူပွဲတွင် တန်ဖိုးငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ)ရှိ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## အခြေခံစားကုန်ထောက်ပံ့

၁၇-၅-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး စည်းရုံးရေး ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသက်စိုး၏ ဦးဆောင်မှုဖြင့် ကရင်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ အိမ်ထောင်သည် ဝန်ထမ်းတစ်ဦးလျှင် ပေါ်ဆန်းမွှေးဆန် (၆)ပြည်နှင့် ဆီ(၅၀) ကျပ်သား၊ ကျသင့်ငွေ ၃၉,၂၀၀/-နှုန်းဖြင့်(၂၄)ဦးကို လည်းကောင်း၊ လူပျို/အပျိုတစ်ဦး လျှင် ပေါ်ဆန်းမွှေး ဆန်(၃)ပြည်နှင့် ဆီ(၂၅) ကျပ်သား၊ ကျသင့်ငွေ ၁၉,၆၀၀/-နှုန်းဖြင့် (၃၀)ဦးကိုလည်းကောင်း၊ စုစုပေါင်း ဝန်ထမ်း(၅၄)ဦးတို့အတွက် တန်ဖိုးငွေ ၁,၅၂၈,၈၀၀/- (ကျပ်တစ်ဆယ့်ငါးသိန်းနှစ်သောင်းရှစ်ထောင့်ရှစ်ရာတိတိ)ရှိ အခြေခံစားကုန် ဆန်နှင့်ဆီများကို ဝန်ထမ်းနှင့် မိသားစုဝင်များအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




## စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ငွေကျပ် ၂ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလို ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၃၁-၅-၂၀၂၄ ရက်နေ့ ၁၇၀၀ အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကွန်ပျူတာတက္ကသိုလ်ရှေ့၊ ကလေး-ကလေးဝသွားကားလမ်းတွင် ဝင်းအောင်ထွန်း မောင်းနှင်ပြီး တင်မောင်လှ လိုက်ပါလာသည့် MITSUBISHI ၆ ဘီး Container Box မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ပလပ်စတစ်ဆပ်ပြာခွက် ၅၅၀၀ ခွက်ဖြင့်ထည့်လျက် ဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့သို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း၊ သိမ်းဆည်းရမိ ဘိန်းဖြူများ တာဝန်ခံသယ်ဆောင်သူများ ဖြစ်သည့် သော့နေလှယ်(ခ)ပါးလွယ်နှင့် ဇနီးဖြစ်သူ မအေးအေးမြင့် တို့အပါအဝင် ဝင်းအောင်ထွန်းနှင့် တင်မောင်လှတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင်ဆက်စပ် ပါဝင်သူများ၏ ငွေကြေးအကျိုးအမြတ်နှင့် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၀ ကီလို ဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ၈-၆-၂၀၂၄ ရက်နေ့ ၁၄၀၀ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ (၁၄၆)လမ်းရှိ မစုမွန်ကျော် ငှားရမ်းနေထိုင်သည့် နေအိမ်တိုက်ခန်းအား သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၇၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဆီခဲများ ဖမ်းဆီးရမိ





မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၉-၅-၂၀၂၄ ရက်နေ့ ၂၂၀၀ အချိန်တွင် ရှမ်းပြည်နယ်၊ ရပ်စောက်-နောင်ချိုသွားကားလမ်း၊ မကျည်းရေကျေးရွာအနီးတွင် ရပ်စောက်ဘက်မှ နောင်ချိုဘက်သို့ စိုင်းဖောင်း မောင်းနှင်ပြီး မင်းပိုင်ထူးလိုက်ပါလာသည့် **Dongfeng Truck** မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဖွဲ့အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ် ၄ ဒသမ ၇၅ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁၂၃ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားများ ၅ ဒသမ ၆၅ သန်းနှင့် ဘိန်းဆီခဲ ၅၂ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့်ယာဉ်နှင့် ရှေ့နောက်လိုက်ပါ၍ မူးယစ်ဆေးဝါးများသယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သည့် မျိုးမင်းထွန်းနှင့် ကျော်သက်ဦးတို့အား **NISSAN AD VAN** မော်တော်ယာဉ်နှင့်လည်းကောင်း၊ အေးကျော်(ခ)ကျော်နိုင်နှင့် ဟိန်းထက်အောင်တို့အား **TOYOTA PROBOX** မော်တော်ယာဉ်နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ တာဝန်ခံသယ်ဆောင်သူ ကိုပြည့်(ခ)ပြည့်ဖြိုးသူ(ခ)မင်းမြတ်နိုင်နှင့် မထွယ်ဆန်အိန်တို့အား ၂၂-၅-၂၀၂၄ ရက်နေ့ ၁၉၃၀ အချိန်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၈ စီလမ်း၊ ၅၄ × ၅၅ လမ်းကြားတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၄၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ဒသမ ၅ သိန်း ဖမ်းဆီးရမိ





လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၈-၅-၂၀၂၄ ရက်နေ့ ၁၀၃၀ အချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်း၊ ဆင်မကြပ်ကျေးရွာအနီးတွင် ထွန်းထွန်းဝင်း မောင်းနှင်ပြီး ထင်ကျော်နှင့် ဟိန်းမင်းမင်း(ခ)မုန့်လေး တို့လိုက်ပါလာသည့် ၆ ဘီးမော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်၌ အုတ်ခဲများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော ဆာလာအိတ်များအတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၄၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ၁၆၃၀ အချိန်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများ ဖြစ်သည့် ယာဉ်ပိုင်ရှင် ကျော်စွာထွန်း၊ ထွန်းထွန်း(ခ) မောင်မောင်နှင့် ရန်နောင်ထွေး(ခ)နောင်နောင်တို့အား ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ပိန္နဲကုန်းကျေးရွာတွင် အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့သို့ ဆက်လက်သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၆ သိန်း ဖမ်းဆီးရမိ

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၃၁-၅-၂၀၂၄ ရက်နေ့ ၀၆၀၀ အချိန်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ မိုင်းပွန်မြို့၊ ပင်အုံကျေးရွာအနီးတွင် လုံချိန်ကျေးရွာဘက်မှ မိုင်းပွန်မြို့ဘက်သို့ ကျော်စိန် မောင်းနှင်လာသည့် **FORD RANGER** မော်တော်ယာဉ်နှင့် ထွန်းမြင့် မောင်းနှင်လာသည့် **TOYOTA HILUX SURF** မော်တော်ယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါယာဉ် ၂ စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၆ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ၀၆၃၀ အချိန်တွင် စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ဝင်းရွှေအား မိုင်းပွန်မြို့၊ ဝမ်ဟေ့ရပ်တွင် **VIGO** မော်တော်ယာဉ် တစ်စီးနှင့်လည်းကောင်း၊ ၀၇၀၀ အချိန်တွင် အိုက်လောင်အား မိုင်းပွန်မြို့၊ နားခိုင်ကျေးရွာ၊ လယ်တောရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့၍ စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၆၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၆ သိန်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၀၀ ကီလိုနှင့် ကက်တမင်း ၂၀၀ ကီလို ဖမ်းဆီးရမိ





မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၈-၆-၂၀၂၄ ရက်နေ့ ၁၄၀၀ အချိန်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းနှင့် မြို့ရှောင်လမ်းဆုံတွင် ကျိုင်းတုံဘက်မှ တာချီလိတ်ဘက်သို့ မောင်းနှင်လာသည့် **TOYOTA HILUX** မော်တော်ယာဉ်အား စစ်ဆေးရန်ရပ်တန့်ခိုင်းရာ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးစဉ် အဆိုပါယာဉ်မှာ ဂျိုးဖြူကျေးရွာလမ်းဆုံ အနီးရှိ လမ်းဘေးရေမြောင်းအတွင်းသို့ တိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်ပါ မျိုးကို(ခ) မျိုးကြီးအား ဖမ်းဆီးရမိခဲ့ပြီး ယာဉ်မောင်း ရဲကြီးမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် အဆိုပါယာဉ်အား ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ် (မက်သ်အဖက်တမင်း) ၅၀၀ ကီလို၊ ကက်တမင်း ၂၀၀ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ယာဉ်ပိုင်ရှင် ထက်ကြည်စိုးအား ၉-၆-၂၀၂၄ ရက်နေ့ ၀၁၀၀ အချိန်တွင် ကျိုင်းတုံမြို့၊ ရပ်ကွက် (၃)ရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်မှ ကျိုင်းတုံသို့သယ်ဆောင်ခဲ့သည့် **NISSAN DIESEL** ၁၀ ဘီး မော်တော်ယာဉ်အား ကျိုင်းတုံမြို့နယ်၊ ယန်းလောကျေးရွာ ကားကြီးကွင်းရှေ့တွင် ဆက်လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများအား ကွန်ဟိန်းမြို့နယ်မှ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး တစ်လျှောက်ရှိ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ ရဲစခန်းဖုန်းနံပါတ်များ

| ရုံး | မိုင်တိုင် | ရုံး/ရဲစခန်း | ဖုန်းနံပါတ် |
|---|---|---|---|
| ၁ | - | အမြန်လမ်းမကြီးတာဝန်မှူးရုံး | ၀၉၄၂၀၈၈၈၈၀၄ |
| ၂ | ၁၁/၀ | (၃) လမ်းဆုံရဲစခန်း | ၀၉၄၂၀၈၈၈၈၀၅ |
| ၃ | ၃၉/၀ | ဘောနတ်ကြီးရဲစခန်း | ၀၉၄၂၀၈၈၈၈၀၆ |
| ၄ | ၅၈/၁ | ဘောနီရဲစခန်း | ၀၉၄၂၀၈၈၈၈၁၈ |
| ၅ | ၇၂/၀ | အုတ်ရှစ်ကုန်းရဲစခန်း | ၀၉၄၂၀၈၈၈၈၀၇ |
| ၆ | ၈၃/၂ | မြို့ချောင်းရဲစခန်း | ၀၉၄၂၀၈၈၈၈၀၉ |
| ၇ | ၁၁၅/၀ | ဖြူးရဲစခန်း | ၀၉၄၂၀၈၈၈၈၁၀ |
| ၈ | ၁၃၇/၆ | ဖောဓိကုန်းရဲစခန်း | ၀၉၄၂၀၈၈၈၈၁၁ |
| ၉ | ၁၄၆/၄ | ဇီးပင်သာရဲစခန်း | ၀၉၄၂၀၈၈၈၈၁၃ |
| ၁၀ | ၁၇၂/၆ | သာဂရရဲစခန်း | ၀၉၄၂၀၈၈၈၈၁၂ |
| ၁၁ | ၂၀၁/၁ | ပလွေးရဲစခန်း | ၀၉၄၂၀၈၈၈၈၀၈ |
| ၁၂ | ၂၂၀/၃ | ပန်းတင်ရဲစခန်း | ၀၉၄၂၀၈၈၈၈၁၄ |
| ၁၃ | ၂၃၃/၇ | ဘုရားတောင်ရဲစခန်း | ၀၉၄၂၀၈၈၈၈၁၅ |
| ၁၄ | ၂၆၂/၃ | ပေပင်လေးရဲစခန်း | ၀၉၄၂၀၈၈၈၈၁၆ |
| ၁၅ | ၂၈၄/၄ | သီးကုန်းရဲစခန်း | ၀၉၄၂၀၈၈၈၈၁၇ |
| ၁၆ | ၃၂၅/၄ | ပြင်စည်ရဲစခန်း | ၀၉၄၂၀၈၈၈၈၁၉ |
| ၁၇ | ၃၅၂/၂ | စကားအင်းရဲစခန်း | ၀၉၄၂၀၈၈၈၈၂၀ |

### လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း **(Short Circuit)**၊ လျှပ်စစ်ဓာတ်အားပမာဏပိုမို လွန်ကဲစွာဖြစ်ပေါ်ခြင်း**(Over Heating or Over Loading)** နှင့် ချို့ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းကိရိယာများသုံးစွဲခြင်းမှ အပူနှင့် မီးပွားများဖြစ်ပေါ်ခြင်းတို့ကြောင့် မီးလောင်မှုစတင်ဖြစ်ပွားနိုင်သဖြင့် စံချိန်စံညွှန်း ကိုက်ညီကောင်းမွန်သည့် လျှပ်စစ်ဝါယာကြိုးကိုသုံးပါ။ မီးအားမြှင့်စက် **(Transformer)** အတင်အချသတိမမေ့ပါနဲ့၊ မီးအားထိန်းကိရိယာ **(Safe Guard)** ချို့ယွင်းပါက အလိုအလျောက် **(Auto)** ပြတ်မကျသည်ကို သတိပြုပါ၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သောနေရာများတွင်သာတပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သောပစ္စည်းများမထားရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မီးသတ်ဦးစီးဌာန**

### သတိပေးနှိုးဆော်ချက်

ယခုအခါ မိုးရာသီကာလ ရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်ချောင်းကမ်းဘေးများတွင်နေထိုင်သော ပြည်သူများသည် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေသော ရေယာဉ်များသည်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့်လည်းကောင်း တိမ်းမှောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ **(Life Jackets)** များ ဆောင်ထားကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မီးသတ်ဦးစီးမှူး၏ ဆန္ဒထုတ်ဖော်ဆွေးနွေးပွဲ(ဒါဘာ) (၆/၂၀၂၄) ကျင်းပပြုလုပ်





ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မီးသတ်ဦးစီးမှူးရုံး၏ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ဆန္ဒထုတ်ဖော်ဆွေးနွေးပွဲ(ဒါဘာ)(၆/၂၀၂၄)ကို ၇-၆-၂၀၂၄ ရက်နေ့၊ ၁၄ ၀၀ အချိန်၊ ဇမ္ဗူသီရိမြို့နယ်မီးသတ်စခန်း၊ ဇမ္ဗူသီရိခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဇနီး ဒေါ်ခင်ယုံ၊ အရာရှိကြီးများနှင့် ဇနီးများ၊ ခရိုင်၊ မြို့နယ်မီးသတ်စခန်းများမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ စုစုပေါင်း အင်အား(၂၀၀)ဦးတက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ခရိုင်၊ မြို့နယ်မီးသတ်စခန်းများမှ တပ်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့်ဇနီး ဒေါ်ခင်ယုံတို့မှ တပ်ဖွဲ့ဝင်(၃၂၅)ဦးအားတစ်ဦးလျှင် ဆန်(၄)ပြည်၊ ပဲဆီ(၁)ပိဿာနှင့် ကြက်ဥ (၁၀)လုံးတို့အား ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းသား/ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပပြုလုပ်





ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် ၃-၆-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်ခန့်က မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိတပ်ဖွဲ့ဝင်များ၏ သား/သမီး မူလတန်းအဆင့် (၂၃၇၅)ဦးအား တစ်ဦးလျှင် ကျပ်(၁၀,၀၀၀/-)နှုန်းဖြင့်လည်းကောင်း၊ အလယ်တန်း အဆင့်(၆၀၆)ဦးအား တစ်ဦးလျှင် ကျပ်(၁၅,၀၀၀/-)နှုန်းဖြင့်လည်းကောင်း၊ အထက်တန်းအဆင့် (၃၄၂)ဦးအား တစ်ဦးလျှင် ကျပ်(၂၀,၀၀၀/-)နှုန်းဖြင့်လည်းကောင်း၊ တက္ကသိုလ်အဆင့် (၇၈)ဦးအား တစ်ဦးလျှင် ကျပ်(၃၀,၀၀၀/-)နှုန်းဖြင့် လည်းကောင်း စုစုပေါင်း ကျောင်းသား/ကျောင်းသူ(၃၄၀၁)ဦးတို့အတွက် ချီးမြှင့်ငွေပေါင်း ၄၂,၀၂၀,၀၀၀/-(ကျပ်လေးရာ့နှစ်ဆယ်သိန်းနှစ်သောင်းတိတိ)အား ချီးမြှင့်ထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားအား အရာထမ်း/အမှုထမ်း ၁၅၀ ဦး၊ မိသားစုဝင် (၇၅)ဦးနှင့် ကျောင်းသား/ကျောင်းသူ(၇၅)ဦး၊ စုစုပေါင်း (၃၀၀) ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## လပွတ္တာမြို့နယ်၊ ဇင်ရွဲလေးကျေးရွာရှိ Cyclone Shelter တွင် မုန်တိုင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားပြုလုပ်






ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ဇင်ရွဲလေးကျေးရွာအုပ်စု၊ ဇင်ရွဲလေးကျေးရွာရှိ **Cyclone Shelter** တွင် ၈-၆-၂၀၂၄ ရက်နေ့၊ ၁၄ ၀၀ အချိန်ခန့်က မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ရာ ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းမှ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် (၁၁၆)ဦးဖြင့် မုန်တိုင်းဘေးအန္တရာယ် ဖြစ်ပွားပေါ်ပေါက်လာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် အရေးပေါ်လေ့ကျင့်ခြင်းလုပ်ငန်းများကို ပြည်သူများနှင့်အတူ အစီအစဉ်အလိုက် ပူးပေါင်းသရုပ်ပြသခဲ့ပြီး ပြည်သူများအား မုန်တိုင်းပညာပေးလက်ကမ်းစာဆောင်များ ဖြန့်ဝေပေးခဲ့ကြပါသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ အရာရှိများ၊ တပ်ဖွဲ့ဝင်မိသားစုဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာရှိပြည်သူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျွန်းစုမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းအတွင်း အိမ်အမှတ်(၁၂၅)ရှိ နေအိမ်ခြံဝင်းအတွင်း သစ်ပင်လဲကျမှုဖြစ်ပွား

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းတွင် ၁-၆-၂၀၂၄ ရက်နေ့၊ ၀၅ ၃၀ အချိန်ခန့်က အိမ်အမှတ်(၁၂၅)ရှိ ပိုင်ရှင် ဦးမျိုး၏ နေအိမ်ခြံဝင်းအတွင်း လုံးပတ်(၅)ပေ၊ အမြင့်(၂၀)ပေခန့်ရှိ သီဟိုပင်လဲကျပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားနေကြောင်း ၀၈ ၃၀ အချိန် သတင်းရရှိသဖြင့် ကျွန်းစုမြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် (၉)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများသွားရောက်ကူညီဆောင်ရွက်ပေးခဲ့ရာ ၁၀ ၁၅ အချိန်ခန့်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိပါသည်။



## ကန်ကြီးထောင့်မြို့နယ်၊ သဘောင်္ကူကျေးရွာအုပ်စု၊ ငှက်ကြီးသိုက်ကျေးရွာအနီး၊ ရန်ကုန်-ပုသိမ်ကားလမ်း၊ မိုင်တိုင်အမှတ်(၉၄/၁)နှင့် (၉၄/၂) အကြားတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား



ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ သဘောင်္ကူကျေးရွာအုပ်စု၊ ငှက်ကြီးသိုက်ကျေးရွာအနီး၊ ရန်ကုန်-ပုသိမ်ကားလမ်း၊ မိုင်တိုင်အမှတ်(၉၄/၁)နှင့် (၉၄/၂)အကြားတွင် ၃-၆-၂၀၂၄ ရက်နေ့၊ ၁၈ ၃၀ အချိန်ခန့်က ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပုသိမ်မြို့၊ ဆီဖုံသို့ စက်သုံးဆီဂါလန်(၈၀၀၀)တင်ဆောင်၍ ယာဉ်မောင်း ဦးကျော်ထက်စိုးမောင်းနှင်လာသော ယာဉ်အမှတ် **(5P/2463) ISUZU GIGA** အမျိုးအစား(အပြာအဖြူရောင်)စက်သုံးဆီတင်ယာဉ်သည် မိုးရွာသွန်းမှုကြောင့် ကားဘီးချော်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ တိမ်းမှောက်မှုဖြစ်ပွားကြောင်း ၂၀ ၁၀ အချိန်သတင်းရရှိသဖြင့် ကန်ကြီးထောင့်မြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၁၅)ဦးတို့ဖြင့် သွားရောက်၍ စက်သုံးဆီတင်ယာဉ်အား မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ကြိုးကြပ်ဆောင်ရွက်ခဲ့ရာ ၂၃ ၀၀ အချိန်တွင် **ISUZU GIGA** စက်သုံးဆီတင်ယာဉ်မှ **92** ဓာတ်ဆီဂါလန် (၄၀၀၀)နှင့် ပရီမီယမ်ဒီဇယ်ဂါလန်(၄၀၀၀)တို့အား ဆီဖလှယ်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## တာချီလိတ်မြို့နယ်၊ ဖန်မင်အုပ်စု၊ မယ်ယန်းကျေးရွာအနီးရှိ မယ်ယန်းတိုးဂိတ်အနီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား




ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ဖန်မင်အုပ်စု၊ မယ်ယန်းကျေးရွာအနီးရှိ မယ်ယန်းတိုးဂိတ်အနီးတွင် ၃၁-၅-၂၀၂၄ ရက်နေ့၊ ၁၁ ၂၀ အချိန်ခန့်က ရန်ကုန်ဘက်မှ တာချီလိတ်ဘက်သို့ ယာဉ်မောင်း ဦးကျော်မင်းမောင်းနှင်ပြီး ခရီးသည်(၁၀)ဦး လိုက်ပါလာသော ယာဉ်အမှတ် **(6K/7474) EXPRESS** မိုးကောင်းကင်ခရီးသည် တင်ယာဉ်သည် ဆိုင်ကယ်အားရှောင်တိမ်းစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်မှုဖြစ်ပွားကြောင်း ၁၁ ၂၂ အချိန်သတင်းရရှိသဖြင့် တာချီလိတ်ခရိုင် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၈)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၄)ဦးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများသွားရောက်ကူညီ ဆောင်ရွက်ခဲ့ရာ ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည်(၁၀)ဦးအနက် ကျား(၃)ဦး၊ မ(၂)စီး စုစုပေါင်း(၅)ဦး ထိခိုက်ဒဏ်ရာရ(မစိုးရိမ်ရ)တို့အား ရွှေမယ်ယန်း၊ ဦးလှမိုး လူမှုကူညီရေးအသင်းပိုင် သူနာတင်ယာဉ်ဖြင့် တာချီလိတ်ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝါးခယ်မမြို့နယ်၊ မင်းပိုင်းရပ်ကွက်၊ မြို့မလမ်းဘေးတွင် သစ်ပင်လဲကျမှုဖြစ်ပွား



ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ မင်းပိုင်းရပ်ကွက်၊ မြို့မလမ်းဘေးတွင် ၂၅-၅-၂၀၂၄ ရက်နေ့၊ ၀၉ ၁၀ အချိန်ခန့်က မြေသားမခိုင်မာမှုကြောင့် လုံးပတ် (၆)ပေခန့်၊ အမြင့်(၂၈)ပေခန့်ရှိ စိန်ပန်းပင်လဲကျမှုဖြစ်ပွားနေကြောင်း ၀၉ ၂၀ အချိန် သတင်းရရှိသဖြင့် ဝါးခယ်မမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၃)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၁၂)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ရာ ၁၀ ၀၀ အချိန်ခန့်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိပါသည်။

## ချီဖွေမြို့နယ်၊ ရစ်လော်ရပ်ကွက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေတက်လာမှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွား



ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ရစ်လော်ရပ်ကွက်တွင် ၂၉-၅-၂၀၂၄ ရက်နေ့၊ ၁၁ ၀၀ အချိန်ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး မေခမြစ်ရေတက်ပြီး ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားကြောင်းသတင်းရရှိသဖြင့် ချီဖွေမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၂၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ရာ မြစ်ရေတက်မှုနှင့် မြေပြိုကျမှုကြောင့် ရစ်လော်ရပ်ကွက်ရှိ **IDP** စခန်း(၁)မှ အိမ်ထောင်စု(၁၃၆)စု၊ လူဦးရေ ကျား(၁၃၇)ဦး၊ မ(၁၈၂)ဦး စုစုပေါင်း (၃၁၉)ဦး၊ **IDP** စခန်း(၂)မှ အိမ်ထောင်စု(၆၆)စု၊ လူဦးရေ ကျား(၃၃၁)ဦး၊ မ(၃၇၃)ဦး စုစုပေါင်း (၇၀၄)ဦးတို့အား ဘေးလွတ်ရာ **KBC** နှစ်ခြင်း ဘုရားကျောင်းနှင့် **LBC** နှစ်ခြင်းဘုရားကျောင်းသို့ရွှေ့ပြောင်းထားကြောင်း သတင်းရရှိပါသည်။

## မင်းဘူးမြို့နယ်၊ ကျွဲသိုးမြောင်ကျေးရွာအနီးတွင် ရောဝတီတံတား(မကွေး)၏ (P-17) တံတားအောက်ခံခုံနှင့်တိုက်မိပြီး သင်္ဘောရေဝင်နစ်မြုပ်မှုဖြစ်ပွား



မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ ကျွဲသိုးမြောင်ကျေးရွာအနီးတွင် ၇-၆-၂၀၂၄ ရက်နေ့၊ ၁၅ ၄၅ အချိန်ခန့်က မန္တလေးမြို့ဘက်မှ ပန်းတနော်မြို့ဘက်သို့ တွန်းသင်္ဘောမောင်းစိန်ဝင်း မောင်းနှင်ပြီး ကျား(၇)ဦး၊ မ(၁)ဦးလိုက်ပါလာသော (အောင်ထက်လင်း ၇၊ ၁၃၆၁၀)၊ တွဲသင်္ဘောအမှတ်(**OB512**) အရှည်(၂၄၀)ပေ၊ အကျယ်(၆၀)ပေခန့်ရှိ **CP** တွဲသင်္ဘောပေါ်တွင် **"Alpha"**အမှတ်တံဆိပ် ဘိလပ်မြေအိတ် (၅၁၀၀၀)လုံးတင်ဆောင်မောင်းနှင်လာစဉ် ရောဝတီတံတား(မကွေး)၏ **(P-17)** တံတားအောက်ခံခုံနှင့် တိုက်မိပြီး သင်္ဘောရေဝင်နစ်မြုပ်မှုဖြစ်ပွားကြောင်း ၁၅ ၅၇ အချိန် သတင်းရရှိသဖြင့် မင်းဘူးမြို့နယ်မီးသတ်စခန်းမှ မီးသတ်စက်ယာဉ်(၁)စီး၊ အုပ်ချုပ်မှုယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၆)ဦးတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ရာ ၁၆ ၃၀ အချိန်ခန့်တွင် တွန်းသင်္ဘောနှင့် ကျား(၇)ဦး၊ မ(၁)ဦးတို့အား ကျွဲသိုးမြောင်ကျေးရွာမြစ်ကမ်းဘေးတွင် ကမ်းကပ်ကယ်ဆယ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

## သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်းရှိ လက်ဆည်ကန်အတွင်း လူတစ်ဦးရေနစ်မှုဖြစ်ပွား



ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ ရန်အောင်ရပ်ကွက်၊ ရန်ငြိမ်းလမ်းရှိ လက်ဆည်ကန်အတွင်းတွင် ၂၃-၅-၂၀၂၄ ရက်နေ့၊ ၁၄ ၄၅ အချိန်ခန့်က ကိုလှအောင်(၂၃)နှစ်သည် ရေဆင်းကူးရာမှ ရေနစ်မှုဖြစ်ပွားကြောင်း ၁၅ ၂၉ အချိန် သတင်းရရှိသဖြင့် သဃ်န်းကျွန်းမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၅)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၂)ဦးတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ရာ ၁၅ ၄၈ အချိန်တွင် ကိုလှအောင် (၂၃)နှစ်(သေဆုံး)အား ဆယ်ယူရရှိခဲ့ပြီး ၁၆/၂ လူမှုကူညီရေးအသင်းမှ သူနာတင်ယာဉ်ဖြင့် သဃ်န်းကျွန်းမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာ၊ ပိုလ်တေဇလမ်းဘေးရှိ အ.လ.က(၁၄) ကျောင်း၏ အနောက်ဘက်ခြံစည်းရိုးတွင် သစ်ပင်လဲကျမှုဖြစ်ပွား

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာ၊ ပိုလ်တေဇလမ်းဘေးရှိ အ.လ.က(၁၄)ကျောင်း၏ အနောက်ဘက် ခြံစည်းရိုးတွင် ၄-၆-၂၀၂၄ ရက်နေ့၊ ၁၁ ၄၀ အချိန်ခန့်က လုံးပတ်(၅)ပေ၊ အမြင့်(၃၀)ပေခန့်ရှိ ငွေးသီးပင်သည် ကာရံထားသော ခြံစည်းရိုးအုတ်တိုင်နှင့် သံဇကာပေါ်သို့ကျိုးကျမှုဖြစ်ပွားကြောင်း ၁၁ ၄၄ အချိန် သတင်းရရှိသဖြင့် မင်္ဂလာဒုံမြို့နယ်မီးသတ်စခန်းမှ မီးသတ်စက်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၃)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများသွားရောက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ဝါးခယ်မမြို့နယ်၊ စာရေးကုန်းရပ်ကွက်၊ ရေကျော်ရပ်ကွက်နှင့် သံကြိုးတိုင်ရပ်ကွက်ရှိ သောက်သုံးရေလိုအပ်လျက်ရှိသော အိမ်ထောင်စုများသို့ သောက်သုံးရေသွားရောက်လှူဒါန်း

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ စာရေးကုန်းရပ်ကွက်၊ ရေကျော်ရပ်ကွက်နှင့် သံကြိုးတိုင်ရပ်ကွက်ရှိ သောက်သုံးရေလိုအပ်လျက်ရှိသော အိမ်ထောင်စုများသို့ ၂-၆-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်ခန့်တွင် ဝါးခယ်မမြို့နယ်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ် (၂)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် ရေဂါလန် (၄၈၀၀)ခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## ဆီဆိုင်မြို့နယ်၊ ဘုရားဖြူရပ်ကွက်နှင့် ဟိုခဲရပ်ကွက်များရှိ သောက်သုံးရေလိုအပ်လျက်ရှိသော အိမ်ထောင်စုများသို့ သောက်သုံးရေသွားရောက်လှူဒါန်း



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်၊ ဘုရားဖြူရပ်ကွက်နှင့် ဟိုခဲရပ်ကွက်များရှိ သောက်သုံးရေလိုအပ်လျက်ရှိသော အိမ်ထောင်စုများသို့ ၁-၆-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်ခန့်တွင် ဆီဆိုင်မြို့နယ်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ် (၂)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် ရေဂါလန် (၂၄၀၀)ခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျိုက်ထီးရိုးတောင်ပေါ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေသားပြိုကျမှုဖြစ်ပွား



မွန်ပြည်နယ်၊ ကျိုက်ထီးရိုးတောင်ပေါ်ရှိ ကင်းမွန်းချောင်းကျေးရွာအုပ်စု၊ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး တောင်တက်ကားလမ်း(၇)မိုင် (၆)ဖာလုံခန့်၊ စခန်းလေး ရေဆိပ်ကွေ့၊ တောင်တက်ကားလမ်းပေါ်တွင် ၁၃-၆-၂၀၂၄ ရက်နေ့၊ ၀၇ ၀၀ အချိန်ခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် (၁၀၀×၃၀)ပေခန့် မြေသားများပြိုကျမှု ဖြစ်ပွားကြောင်း ၀၈ ၀၀ အချိန်သတင်းရရှိသဖြင့် ကျိုက်ထီးရိုးနယ်မြေမီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ တောင်တက်မော်တော်ယာဉ်အသင်းမှ ဘတ်ဟိုး(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၄)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့သည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကူညီရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ကော့သောင်းမြို့နယ်၊ အောင်သုခရပ်ကွက်၊ ပိုလ်ချုပ်လမ်းရှိ အိမ်အမှတ်(၆၃)တွင် မြွေဝင်ရောက်မှုဖြစ်ပွား

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ အောင်သုခရပ်ကွက်၊ ပိုလ်ချုပ်လမ်းရှိ ပိုင်ရှင် ဒေါ်ငွေကြည်၏ အိမ်အမှတ် (၆၃)ခြံဝန်းအတွင်း ၉-၆-၂၀၂၄ ရက်နေ့၊ ၁၄ ၁၀ အချိန်ခန့်က လုံးပတ်(၄)လက်မခန့်၊ အရှည်(၁၀)ပေခန့်စပါးကြီး မြွေဝင်ရောက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကော့သောင်းမြို့နယ်မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၃)ဦးတို့ဖြင့် ရှာဖွေဖမ်းဆီးရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ရာ ၁၄ ၂၅ အချိန်တွင် ဖမ်းဆီးရမိပြီး ဘေးလွတ်ရာ (၄)မိုင်တောသို့ လွှတ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ကျိုက်ထိုမြို့နယ်၊ ကင်ပွန်းချောင်းကျေးရွာ၊ ဇရပ်ကွင်း(၂)အပိုင်း၊ ကျိုက်ထီးရိုးဂေါပကအဖွဲ့ရုံးအရှေ့တွင် သစ်ပင်လဲကျမှုဖြစ်ပွား




မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကင်ပွန်းချောင်းကျေးရွာ၊ ဇရပ်ကွင်း(၂)အပိုင်း၊ ကျိုက်ထီးရိုးဂေါပကအဖွဲ့ရုံးအရှေ့တွင် ၁၀-၆-၂၀၂၄ ရက်နေ့၊ ၀၈ ၀၀ အချိန်ခန့်က မြေသားမခိုင်မာမှုကြောင့် လုံးပတ်(၂၀)ပေခန့်၊ အမြင့်(၅၀)ပေခန့်ရှိ ညောင်ပင်ကျိုးကျမှု ဖြစ်ပွားနေကြောင်း ၀၈ ၁၀ အချိန် သတင်းရရှိသဖြင့် ကျိုက်ထိုမြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၆)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် (၅)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ရာ ၁၀ ၃၀ အချိန်ခန့်တွင် လုပ်ငန်းဆောင်ရွက် ပြီးစီးခဲ့ကြောင်းသတင်းရရှိပါသည်။

## ၂၀၂၄ ခုနှစ်၊ မေလအတွင်း မီးလောင်ဆုံးရှုံးမှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များ

၂၀၂၄ ခုနှစ်၊ မေလအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၉၄ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးအမျိုးအစားအလိုက် မီးဖိုမီး ၁၆ ကြိမ်၊ ပေါ့ဆမီး ၂၇ ကြိမ်၊ အလိုအလျောက်မီး ၂ ကြိမ်၊ လျှပ်စစ်မီး ၃၇ ကြိမ်၊ မသမာသူရှို့မီး ၂ ကြိမ်၊ တောမီး ၅ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၅ ကြိမ်ဖြစ်ခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၄၆၃ လုံးတွင် ဂိုဒေါင် ၆ လုံး မီးလောင်ခံရပြီး မီးဘေးသင့် ပြည်သူ ၁၂၂၁ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ သေဆုံး ၁၁ ဦး၊ ဒဏ်ရာရ ၁၈ ဦး ရှိခဲ့ပြီး ငွေကျပ် ၅၁၉ ဒသမ ၉၀၈ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ၅ လတာကာလအတွင်း မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၁၃၂ ကြိမ်၊ ပေါ့ဆမီး ၂၁၀ ကြိမ်၊ အလိုအလျောက်မီး ၁၂ ကြိမ်၊ လျှပ်စစ်မီး ၂၅၆ ကြိမ်၊ မသမာသူရှို့မီး ၄၆ ကြိမ်၊ တောမီး ၆၂ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၃၂ ကြိမ်၊ စုံစမ်းဆဲ ၁ ကြိမ် စုစုပေါင်း ၇၅၁ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၃၀၈၀ လုံးတွင် စက်ရုံ/အလုပ်ရုံ ၅ လုံး၊ ဂိုဒေါင် ၃၅ လုံး မီးလောင်ခံခဲ့ရပြီး မီးဘေးသင့်ပြည်သူ ၇၀၄၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၅၇ ဦး သေဆုံး၊ ၆၃ ဦး ဒဏ်ရာရရှိကာ တိရစ္ဆာန် ၅၈၄ ကောင်သေဆုံးပြီး ငွေကျပ် ၆၃၂၇ ဒသမ ၇၂၅ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုများတွင် "မီးဖိုမီး၊ လျှပ်စစ်မီး၊ ပေါ့ဆမီး"များသည် အများဆုံး တွေ့ရှိရသော အချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီ များမထားကြရန်နှင့် အိမ်မင်းမစွမ်းသူများ၊ ကလေးငယ်များအားမီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/ နံရံအကြား လုံလောက်သော အပူခံအကာအရံများ ထားရှိစေခြင်းဖြင့် မီးလောင်မှုမှ ကင်းဝေးစေမည် ဖြစ်ပါသည်။ မီးလောင်မှု မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး အတွက် မိမိတို့အိမ်တိုင်းတွင် ကနဦးလုပ်ဆောင်ရန်အနေဖြင့် နှစ်ကာလရှည်ကြာ၍ ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများလဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး(Fuse)များကို ဝန်နှင့်အား မျှတအောင်သုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများသုံးစွဲပြီး လျှင်(သို့မဟုတ်)လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း)ခလုတ်ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ်ငြိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်း ကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့်အချက်များ အပေါ် လိုက်နာခြင်းအားဖြင့် မီးဘေးကာကွယ်ရေးအသိဖြင့် ကြိုတင်ဆောင်ရွက် စီမံထားရှိကြမည်ဆိုပါက "ပေါ့ဆမီး"ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများ လျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၂၀၂၄ ခုနှစ်၊ မေလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေး အန္တရာယ်ကြောင့် မြေပြိုကျမှု ၃ ကြိမ်၊ လေပြင်းတိုက်ခတ်မှု ၂၈ ကြိမ်၊ ရေကြီးမှု ၃ ကြိမ်၊ ယာဉ်တိုက်မှု ၁၂ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု ၁၃ ကြိမ်၊ ရေနစ်မြုပ်မှု ၆ ကြိမ်၊ ဓာတ်လိုက်မှု ၁ ကြိမ်၊ သစ်ပင်ပြိုလဲမှု ၁၅၈ ကြိမ်၊ မတော်တဆထိခိုက်မှု ၆ ကြိမ်၊ တိရစ္ဆာန်ကယ်ဆယ်မှု ၄ ကြိမ် စုစုပေါင်း၂၃၄ ကြိမ်ဖြစ်ပွားခဲ့ပြီး ဒုက္ခသည် ၁၈၃၅ ဦးရှိခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် မတော်တဆ ထိခိုက်မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရှိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်အင်အား ၂၀၂၆ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၈၉၈ ဦးတို့မှ ကူညီဆောင်ရွက် ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးသူ ၁၇ ဦးနှင့် ဒဏ်ရာရရှိသူ ၅၅ ဦးတို့အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**

## ဝန်ထမ်းသား/သမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဧရာဝတီခန်းမ၌ ၁၇-၅-၂၀၂၄ ရက်နေ့၊ ဝ၉၃ဝ အချိန်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ဝန်ထမ်းသား/သမီးများအား ပညာသင်စရိတ်ထောက်ပံ့ ပေးအပ်ပွဲကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းသား/သမီး ကျောင်းသား/သူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကျောင်းသား/သူများအား ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။





## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကွန်းလှမြို့၊ ပျဉ်းမမြိုင်ရပ်ကွက်၊ သီတဂူဗုဒ္ဓတက္ကသိုလ်ဝန်းအတွင်း၌ ၄-၆-၂၀၂၄ ရက်နေ့၊ ဝ၈ဝဝ အချိန်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူး (မြို့နယ်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စုစုပေါင်းအင်အား (၂၀၀)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ကွန်း၊ ပျဉ်းကတိုး၊ တမာ၊ စွယ်တော်နှင့် ခရေစုစုပေါင်း (၅၀၀)ပင်အား စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိပါသည်။



## ကျောင်းသား/သူများ ကျောင်းအပ်နှံမှုအခြေအနေအား ကွင်းဆင်းစစ်ဆေး



မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁)စာသင်ကျောင်း၌ ၂၄-၅-၂၀၂၄ ရက်နေ့၊ ဝ၉၃ဝ အချိန်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦး (မြို့နယ်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းသား/သူများ ကျောင်းအပ်နှံမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့၊ မင်းစုရပ်ကွက်၊ ပြည်လုံးအောင်ချမ်းသာ မြတ်စွာဘုရားကြီးဝန်းအတွင်း၌ ၂၂-၅-၂၀၂၄ ရက်နေ့၊ ဝ၆ဝဝ အချိန်တွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း (၂၆)ကျောင်းမှ ပင့်သံဃာ (၁၀၈)ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်သူရ (မြို့နယ်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် အလှူရှင်များမှ သံဃာတော်များအား ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ၂၀၂၄ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ ... မှ

ပြည်သူများတက်ကြွစွာပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ နိုင်ငံနှင့်အဝန်းကျင်းပနေခြင်းဖြစ်ကြောင်း၊ သစ်တောများနှင့်သစ်ပင်များကို အမြတ်တနိုး တန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ထပ်မံစိုက်ပျိုးခြင်းများသည် တိုင်းပြည်တစ်ပြည်အတွက် ကောင်းကျိုးများစွာကို ဖန်တီးပေးခြင်းဖြစ်သည့်အတွက် မိုးရာသီသစ်ပင်စိုက်ပွဲတော်များကို နှစ်စဉ်ကျင်းပခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်ပုဒ်မှာ"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"ဟူ၍ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးစိမ်းလန်းစိုပြည်စေရန် လူသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင် အချိန်၊ ငွေ၊ လုပ်အား၊ အရင်းအနှီးများစွာ စိုက်ထုတ်ဆောင်ရွက်ရသည့်အတွက် တစ်ပင်စိုက်တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်စေရန်အတွက် စတင်စိုက်ပျိုးသည့်မှစ၍ စဉ်ဆက်မပြတ်ပြုစုထိန်းသိမ်းသွားရန်လိုကြောင်း ပြောကြားပါသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီးတို့က ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးပေးခဲ့ကြသည်။ ဆက်လက်ပြီး ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၏ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်များက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီးတို့သည် တာဝန်ရှိသူများနှင့်အတူတပ်ဖွဲ့ဝင်များ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအားလှည့်လည်ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ်၊ ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ စိန်ပန်း၊ ငု၊ သပြေစသည့် သစ်ပင်စုစုပေါင်း ၁၀၀၀ ပင်တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြပါသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ရုံး၊ ဌာနများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များအား တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ယင်းနေ့တွင် သစ်ပင် (၃၂၆၃၉)ပင်တို့ကို စိုက်ပျိုးခဲ့ကြောင်းသတင်းရရှိသည်။

## ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ဝန်ထမ်းမိသားစုများ၏ သား/သမီး၊ ကျောင်းသား/သူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကျင်းပ ... မှ

ရွေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံးနှင့်တပ်ဖွဲ့/ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၏ သားသမီးများဖြစ်သော ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ကျောင်းသား/သူ (၃၅၄၄)ဦးအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ချီးမြှင့်ရာ တပ်ဖွဲ့/ဦးစီးဌာနအလိုက် ကျောင်းသား/သူများမှ လက်ခံကြသည်။ ထို့နောက် ကျောင်းသား/သူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအပါအဝင် တပ်ဖွဲ့/ဦးစီးဌာနများမှ ဝန်ထမ်းများ၏ မိသားစုဝင်သား/သမီးများဖြစ်ကြသော ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် မူလတန်း ကျောင်းသား/သူ (၁၇၇၁)ဦး၊ အလယ်တန်း ကျောင်းသား/သူ (၇၂၈)ဦး၊ အထက်တန်း ကျောင်းသား/သူ (၇၁၂)ဦး၊ တက္ကသိုလ် ပညာသင်ကြားမည့် ကျောင်းသား/သူ (၃၃၃)ဦး၊ စုစုပေါင်း ကျောင်းသား/သူ (၃,၅၄၄)ဦးတို့အား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးဗလာစာအုပ် (၃၈,၁၇၂)အုပ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ငွေကျပ် ၁၃၀,၄၈၀,၀၀၀/-(ကျပ်တစ်ထောင့်သုံးရာလေးသိန်းရှစ်သောင်းတိတိ)တို့ကို ပညာသင်ထောက်ပံ့ကြေး ပထမအကြိမ်အဖြစ် ပေးအပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

## မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကျင်းပ





ရှမ်းပြည်နယ်၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ အမှတ်(၅)ရပ်ကွက်၊ နားဆည်ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ၁၇-၅-၂၀၂၄ ရက်နေ့၊ ဝ၈၀၀ အချိန်တွင် ၂၀၂၄ ခုနှစ်၊ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင် (မြို့နယ်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စုစုပေါင်းအင်အား (၁၅၀)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ကျွန်း (၁၅၀)ပင်၊ မဲဇလီ (၁၀၀)ပင်၊ စိန်ပန်းပြာ (၁၀၀)ပင်၊ စိန်ပန်းနီ (၁၀၀)ပင်နှင့် မန်ကျည်း (၁၅၀)ပင်၊ စုစုပေါင်း (၆၀၀)ပင်စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ဝန်ထမ်းမိသားစုများ၏ သား/သမီး၊ ကျောင်းသား/သူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကျင်းပ

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် သား/သမီး၊ ကျောင်းသား/သူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ၂၄-၅-၂၀၂၄ ရက်နေ့၊ ၀၉၃၀ အချိန်တွင် နေပြည်တော်၊ ရုံးအမှတ်(၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။




အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ၊ ကျောင်းသား/သူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြပါသည်။

**စာမျက်နှာ(၁၅)သို့**



## ၂၀၂၄ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

၂၀၂၄ ခုနှစ်၊ ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ၁၂-၆-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် မြို့ပတ်လမ်းဘေးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းမြေနေရာ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ဦးဆောင်သော ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်များနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။



ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သဘာဝသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်တောသယံဇာတများရေရှည်တည်တံ့စေရန်၊ တစ်နိုင်ငံလုံးသစ်တောဖုံးလွှမ်းမှုကောင်းမွန်စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင်

**စာမျက်နှာ(၁၅)သို့**